unite for children

unicef

သတင်းထုတ်ပြန်ချက်

# မြန်မာနိုင်ငံတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် ကာကွယ်ဆေးများထားရှိရန် ဗဟိုအအေးခန်းအသစ်ကို ကျန်းမာရေးဝန်ကြီးဌာနသို့ပေးအပ်

*တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက်အဓိကကျသည့် အအေးခန်းစနစ်ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ယူနီဆက်က ပထမဆုံးအကြိမ်အဖြစ်အအေးခန်းဆောက်လုပ်ပေး*

ရန်ကုန်၊ မြန်မာ၊ ၂၀၀၈ ဩဂုတ် ၁၂–မြန်မာ့ကလေးသူငယ်များအသက်ရှင်သန်ရေးအတွက် အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်သည့် ကာကွယ်ဆေးထိုးလုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ရန် ဗဟိုအအေးခန်းတစ်ခုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)တို့ပူးပေါင်းတာဝန်ယူတည်ဆောက်ကာ ကျန်းမာရေးဝန်ကြီးဌာနသို့ ယနေ့လွှဲအပ်လိုက်သည်။

'ကလေးငယ်များအထူးသဖြင့် အသက်ငါးနှစ်အောက်ကလေးတွေ ကာကွယ်ဆေးထိုးပြီးကာကွယ်လို့ရနိုင်တဲ့ရောဂါတွေနဲ့ သေဆုံးရတာတွေကို ကာကွယ်ဖို့အတွက် ကာကွယ်ဆေးထိုးလုပ်ငန်းတွေကသိပ်ကိုအရေးကြီးပါတယ်'ဟု ယူနီဆက်မြန်မာ၏ ကျန်းမာရေးနှင့်အာဟာရ ဌာနမှူးဒေါက်တာ အိုဆာမု ခုနိကပြောသည်။

မြန်မာနိုင်ငံအနှံ့အပြားရှိကလေးသူငယ်များအတွက် အရည်အသွေးပြည့်မီသည့်ကာကွယ်ဆေးများသိုလှောင်သိမ်းဆည်းဖြန့်ဝေနိုင်ရေးတွင်အအေးခန်းများကောင်းမွန်ရေးမှာလည်းမရှိမဖြစ်လိုအပ်သောအစိတ်အပိုင်းဖြစ်သည်ဟု ဒေါက်တာအိုဆာမုက ဆက်၍ပြောသည်။

ယခင်အအေးခန်းမှာ ရန်ကုန်မြို့ကလေးဆေးရုံတွင်ရှိပြီးလွန်ခဲ့သော ၁၀နှစ်ကျော်ကစ၍ကာကွယ်ဆေးများသိုလှောင်အသုံးပြုခဲ့ရာ ယနေ့အချိန်တွင် ကာကွယ်ဆေးထိုးလုပ်ငန်းများပိုမိုတိုးချဲ့ကျယ်ပြန့်လာသည်နှင့်အညီ လိုအပ်လာသည့်ကာကွယ်ဆေးပမာဏကို ပိုမိုသိုလှောင်ထားနိုင်ရုံသာမက လိုအပ်သည့်အအေးဓါတ်များကိုထိန်းသိမ်းပေးခြင်းဖြင့် အာနိသင်ပိုမိုထက်မြက်လာစေရန် ရည်ရွယ်ချက်ဖြင့်ယခုအအေးခန်းသစ်များကို ဆောက်လုပ်ရခြင်းဖြစ်သည်။

'တချို့ကာကွယ်ဆေးတွေ ဥပမာ–ပိုလီယိုတို့ ဝက်သက်တို့ကအအေးဓါတ်ကိုထိန်းသိမ်းပေးနိုင်ကာမှ မဟုတ်ရင် အာနိသင်အလွယ်တကူလျော့နည်းသွားတတ်ပါတယ်'ဟုရင်းကဆိုသည်။

မုန်တိုင်းဒဏ်ခံထားရသည့်ဒေသများတွင် မုန်တိုင်းပြီးနောက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အအေးခန်းများပြုပြင်ပေးခြင်းကိုလည်း ယူနီဆက်ကကူညီခဲ့ပါသည်။ မြန်မာနိုင်ငံတွင်ကလေးသူငယ်များကို အသည်းရောင်အသားဝါဘီအပါအဝင် ကာကွယ်ဆေးခြောက်မျိုးထိုး၊တိုက်ပေးလျက်ရှိရာ ကာကွယ်ဆေးလိုအပ်ချက် ၉၅ ရာခိုင်နှုန်းကျော်ကိုယူနီဆက်ကပံ့ပိုးကူညီလျက်ရှိသည်။

ဝန်ထမ်းပေါင်း ၁၃၀ရှိသည့်ယူနီဆက်သည် မြန်မာနိုင်ငံသို့ ၁၉၅၀ပြည့်နှစ်ကတည်းကပင်ရောက်ရှိခဲ့ပြီး အခြေခံပညာရေး၊ ကလေးသူငယ်ကာကွယ်ရေး၊ ကျန်းမာရေးနှင့်အာဟာရစသည်များသာမက ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက်ပါ ဆောင်ရွက်လျက်ရှိပါသည်။


**အသေးစိတ်သိရှိလိုပါက**

စန္ဒာလင်း၊ ယူနီဆက် မြန်မာ၊ ဖုန်း ၉၅ ၁ ၃၇၅၅၂၇ – ၃၂ လိုင်းခွဲ ၁၄၃၉ slinn@unicef.org